# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**August 30, 2024** | **Volume 81, Number 22**



၃၀.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၆.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၈၃ ကျပ် |



**CONTACT US**

ကုန္သြယ္မႈသတင္းအခ်က္အလက္ႏွင့္
သုေတသနဌာနခြဲ

ဖုန္း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ္စ ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



## ရွှေစင်၊ ရွှေတုံးများနှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်နှင့် ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းကောက်ခံမည့် အခွန်အကောက်ဥပဒေ ပြင်ဆင်ပြဋ္ဌာန်း



ရွှေစင်၊ ရွှေတုံးများ(စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်နှင့် ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းကောက်ခံမည့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၄/၂၀၂၄) ကို ပြဋ္ဌာန်းလိုက်ကြောင်း ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (က)၏ ကုန်သွယ် လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ) အား " ရွှေစင်၊ ရွှေတုံးများ(စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်

လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ" ဟု အစားထိုးရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရသော ကျောက်မျက်ရတနာနှင့် တွင်းထွက်ကုန်စည်များတွင် ထည့်သွင်းထားသည်။

ထို့အတူ ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ)တွင် "ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ"ဟု ပြဋ္ဌာန်းထားသည်။

**Source:** https://news-eleven.com/

## အမေရိကန် IBM ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ ၎င်း၏သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ (R&D Operations) များကို ပိတ်သိမ်းခဲ့

အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်သည့် IBM ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ ၎င်း၏သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development, R&D Operations) များကို ပိတ်သိမ်းခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ၂၆-၈-၂၀၂၄ ရက်တွင် “IBM Shuts China R&D Operations in Latest Retreat by U.S. Companies” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

IBM ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ ၎င်း၏သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိတ်သိမ်းခဲ့ပြီး ၎င်း၏လုပ်ငန်းများကို အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားမည်ဟု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်တစ်ဦးဖြစ်သည့် Mr. Jack Hergenrother က ၂၆-၈-၂၀၂၄ ရက် အစည်းအဝေး၌ ပြောကြားခဲ့ကြောင်း၊ IBM ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၌ ပြင်းထန်သည့် ယှဉ်ပြိုင်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ အင်ဂျင်နီယာများနှင့် သုတေသနပညာရှင်များကို အိန္ဒိယနိုင်ငံ၊ Bengaluru မြို့အပါအဝင် တရုတ်နိုင်ငံ ပြင်ပရှိရုံးများ၏ ဝန်ထမ်းများအဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိလုပ်ငန်းများကို ပိတ်သိမ်းခြင်းဖြင့် ဝန်ထမ်းပေါင်း ၁,၀၀၀ ကျော် ထိခိုက်မှုရှိမည်ဖြစ်ပြီး ယင်းဝန်ထမ်းများမှာ တရုတ်နိုင်ငံရှိ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့အပါအဝင် အခြားမြို့အများအပြားရှိ ကုမ္ပဏီ၏ R&D ဓာတ်ခွဲခန်းများတွင် ဆော့ဖ်ဝဲလ်များစမ်းသပ်ထုတ်လုပ်နေသည့် ဝန်ထမ်းများ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံဈေးကွက်သည် ကြီးမားသည့်ဈေးကွက်တစ်ခုအဖြစ် IBM ကုမ္ပဏီက ယူဆခဲ့သော်လည်း မကြာသေးမီ ကာလအတွင်း တရုတ်ပြည်တွင်းလုပ်ငန်းများနှင့် ယှဉ်ပြိုင်ခဲ့ရပြီး တရုတ်နိုင်ငံမှ ဖောက်သည်များကလည်း “Delete America” ဆောင်ပုဒ်ဖြင့် ပြည်တွင်းကုမ္ပဏီများ၏နည်းပညာကို ပိုမိုဝယ်ယူခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံရှိ ကုမ္ပဏီ၏ လုပ်ငန်းများမှ ဝင်ငွေသည် ၁၉ ဒသမ ၆ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံရှိ အမေရိကန်ကုမ္ပဏီများသည် ၎င်းတို့၏

လုပ်ငန်းအရွယ်အစားကို လျှော့ချလာခဲ့ကြရာ Microsoft ကုမ္ပဏီကလည်း ၎င်း၏ Cloud-Computing နှင့် ဉာဏ်ရည်တုကဏ္ဍ သုတေသနလုပ်ငန်း (Artificial Intelligence, AI) ကို လျှော့ချခဲ့ကာ တရုတ်နိုင်ငံပြင်ပရှိ အခြားရုံးခွဲများသို့ ပြောင်းရွှေ့လိုသည့် ဝန်ထမ်းများရှိ/မရှိ မေးမြန်းကာ လိုအပ်ပါက ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

IBM ကုမ္ပဏီသည် တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၄၀ ခန့် လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ၎င်း၏ ဖောက်သည်များတွင် ဆက်သွယ်ရေး ကုမ္ပဏီကြီးများ၊ ဘဏ်များနှင့်စွမ်းအင်ကုမ္ပဏီကြီးများပါဝင်ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် IBM အနေဖြင့် တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၂၀ ကျော် လုပ်ကိုင်ခဲ့သည့် သုတေသနလုပ်ငန်းကိုရပ်နားကာ အဆင့်မြင့်နည်းပညာသုတေသနလုပ်ငန်းများတွင် စူးစိုက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ပထဝီနိုင်ငံရေးအရ တင်းမာမှုများရှိလာချိန်တွင် တရုတ် နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများကို လျှော့ချကာ တရုတ်နိုင်ငံပြင်ပရှိ အခြားနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

**Source:** **https://www.wsj.com/business/ibm-shuts-china-r-d-operations-in-latest-retreat-by-u-s-companies-b37cd9a0?mod=Searchresults_pos1&page=1**

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

**https://myantrade.gov.mm/**

## ပခုက္ကူဈေးကွက်၌ ဈေးတက်ပြီး အရောင်းအဝယ်သွက်နေသော စီပီပြောင်းဖူးစေ့

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ပြောင်းဖူးစေ့(CP) (အစေ့ထုတ်)ပြောင်းများ ဈေးတက်၍ ပခုက္ကူကုန်စည်ဒိုင်သာမက အခြားပွဲရုံများတွင်လည်း အရောင်းအဝယ်သွက်လျက်ရှိသည်။ ပြောင်းဖူးစေ့(CP)ကို ပခုက္ကူမြို့နယ်၊ နန်းတော်ရပ်အုပ်စုရှိ ကျေးရွာများ၊ မြစ်ခြေအုပ်စုရှိကျေးရွာများနှင့် ရေတောင်ဘက်အုပ်စုရှိ ကျေးရွာများတွင် အဓိကစိုက်ပျိုးကြသည်။ ပြောင်းဖူးစေ့ (CP) ကို ၂၀၂၄ ခုနှစ်၊ မေလတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ ပခုက္ကူမြို့နယ်တွင် ပြောင်းဖူးစေ့(မိုး) စိုက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးကြပြီး တစ်ဧကအထွက်နှုန်းမှာ တင်း ၇၀ ကျော် ထွက်ရှိကြောင်းသိရသည်။ ပြောင်းဖူးစေ့(CP)ကို တိရစ္ဆာန်စာအဖြစ် ပြည်တွင်း၌ အသုံးပြုရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နေကြောင်း ကုန်သည်များထံမှသိရသည်။

ယခုအချိန်တွင် ပြောင်းဖူးစေ့(CP)မှာ ဒေသတွင်းဈေးကွက်တွင် သီးနှံလက်ကျန်နည်းနေပြီး ဩဂုတ်လစတုတ္ထပတ်၌ ပြောင်းဖူးစေ့ဈေးနှုန်းမှာ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ယခင်အပတ်တွင် ပြောင်းဖူးစေ့ (CP)တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြစ်ခဲ့ပြီး ယခုအပတ်တွင် ပြောင်းဖူးစေ့(CP)မှာ တစ်တင်းလျှင် ကျပ် ၂၇,၅၀၀ မှ ၃၀,၀၀၀ ဖြစ်၍ ယခင်အပတ်နှင့် ယခုအပတ် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၄၀၀၀ ကျော် ဈေးတက်နေကြောင်း၊ ဈေးတက်ရခြင်းမှာ ပြည်တွင်းတိရစ္ဆာန် အစားအစာများ အဖြစ် ဝယ်ယူခြင်းအပြင် ထိုင်း၊ တရုတ်နိုင်ငံများသို့ တင်ပို့နေသောကြောင့် ဈေးကောင်းရလျက်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

**Source:** https://www.doca.gov.mm

## ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတန်ချိန် ၂ သန်းနီးပါးတင်ပို့ထား

ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းကျော်အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နှစ်စဉ်အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိပြီး စက်တင်ဘာလမှ စတင်၍ ပြောင်းတင်ပို့မှု ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

"ပြောင်းတင်ပို့မှုရဲ့ ၇၀ ရာခိုင်နှုန်းကို ထိုင်းကို တင်ပို့ပါတယ်။ စက်တင်ဘာလ ကနေစပြီး ထိုင်းကို မပို့တော့ဘူး။ အခြား ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့ကို တင်ပို့ပါတယ်။ အိန္ဒိယက ပြောင်းတန်ချိန် ၅ သိန်းတောင် ဝယ်ယူထားတယ်။

ထိုင်းပြီးရင် ဒုတိယအများဆုံး တင်ပို့တဲ့နိုင်ငံက အိန္ဒိယဖြစ်လာမှာပေါ့”ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရာတွင် အဓိကတင်ပို့သည့် လမ်းကြောင်းဖြစ်သည့် မြဝတီနယ်စပ်ကုန်သွယ်ရေးသည် လမ်းခရီးအခက်အခဲကြောင့် အနည်းငယ်သာတင်ပို့ပြီး ရန်ကုန်၊ ရနောင်း၊ ကန်တန်ဆိပ်ကမ်းမှ ရေကြောင်း ကုန်သွယ်ရေးနှင့်ပို့သလို တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကနေလည်း ပို့ဆောင်နေကြောင်း သိရသည်။

ပြောင်းစိုက်ပျိုးမှု ၅၅ ရာခိုင်နှုန်းခန့်ရှိသည့် ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးမှု အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက စုစုပေါင်း ၁ ဒသမ၂ သန်းခန့်အထိရှိပြီး တန်ချိန် ၂ ဒသမ ၆ သန်းကျော် ထွက်ရှိကာ မြန်မာ့ထွက်ကုန် ပြည်ပတင်ပို့မှုများအနက် ဆန်ပြီးလျှင် ဒုတိယအများဆုံးဝင်ငွေရရှိသည့် ကုန်စည်လည်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/

## ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ) အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောသည်။ ပဲယဉ်း(နီ)ကို ယခင်က မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိတွင် ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှုပြန်လည်များပြားလျက်ရှိသဖြင့် မန္တလေး ဈေးကွက်အတွင်း ပဲယဉ်း(နီ)များ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက် ရှိကြောင်း သိရသည်။



“အခုလက်ရှိ ပဲယဉ်း(နီ)တွေ မန္တလေးဈေးကွက်အတွင်း ကုန်သည်တွေက ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာတယ်။ တရုတ်ဘက်ကို အဓိကထားတင်ပို့တဲ့ ပဲယဉ်း(နီ)တွေကို မှာယူမှုများတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာပါတယ်”ဟု ဦးစက်မောင်ဆွေကပြောပြသည်။ မန္တလေးဈေးကွက်အတွင်း ဩဂုတ်လ ၂၉ ရက်ပေါက်ဈေးအရ ပဲယဉ်း(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၄၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

“မန္တလေးကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်း(နီ)အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်း(နီ)အပြင် အချို့ကုန်စည်တွေကိုလဲ ကြိုက်တဲ့ကုန်သည် တချို့ကတော့ ဝယ်သွားတာတွေရှိတယ်” ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောသည်။

**Source: ရတနာပုံသတင်းစာ**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခုံးမပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခုံးမ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဝင်းမော်က ပြောသည်။ ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခုံးမပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ ငါးခုံးမ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးခုံးမများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



"ညောင်တုန်းမြို့နယ်က ငါးခုံးမတွေကို ရန်ကုန်မြို့က ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းငါး စားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဇူလိုင်လတစ်လအတွင်း ငါးခုံးမပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်ရှိတဲ့ ငါးခုံးမတွေက ရန်ကုန်ဈေးကွက်ကို ဇွန်လကထက် ပိဿာချိန် ၂၀,၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးများပိုမိုတင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောသည်။

**Source: ရတနာပုံသတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်ကပြောသည်။ ဖျာပုံမြို့နယ်တွင် ဖမ်းယူရရှိသည့် ပလာတူးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ပလာတူးပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ ပလာတူးပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဇူလိုင်လထဲမှာ ပလာတူးတွေအဝယ်လိုက်လာပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာ။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးငါးတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်ကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူး ၁၀ ပိဿာလျှင် ကျပ် ၇၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ပလာတူးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

# STOCK EXCHANGE (30.8.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Aug, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 5,990 (Shares) | 18,150,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 245 | 2,180,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,500 | 3,550 | 3,500 | 1,594 | 5,581,250 | 38,929,150 | 138,199 |
| MCB | 00003 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 0 | 0 | 10,400,986 | 92,569 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 4 | 7,200 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 957 | 2,679,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,977 | 3,366,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 217 | 998,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,400 | 3,350 | 996 | 3,337,100 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 29th Aug, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| MYANPIX | 412.34 | +1.32 | +0.32% | 409.99 | 412.34 | 409.99 | 5,990 | 18,150,600 | 8 | 777,741 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Aug, 2024

| Trading Volume | Trading Value |
| --- | --- |
| 6,088 (Shares) | 21,678,600 (MMK) |

## Main Board

As of 1:00 pm, 29th Aug, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 5,990 (Shares) | 18,150,600 (MMK) |

| MYANPIX | 412.34 ▲ 1.32 |
| --- | --- |
| Total Volume (shares) | 5,990 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,741 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 8,900 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 0 |